မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃၄ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက် ( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၂၈/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဇော်ဝင်းအား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။ )**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **သဘာဝဘေးအန္တရာယ်**ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း၊ ပင်လယ်ရေကြောင်းအန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့်သော်လည်းကောင်း၊ ပိုးမွှားတိရစ္ဆာန် များကြောင့်ဖြစ်စေ၊ အပင်ရောဂါကြောင့်ဖြစ်စေ၊ ပျိုးခင်းစိုက်ခင်းများပျက်စီးခြင်း၊ ငတ်မွတ် ခေါင်းပါးမှုဖြစ်ခြင်း၊ လူ သို့မဟုတ် တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်းကြောင့်သော်

လည်းကောင်း၊ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့်သော်လည်းကောင်း၊ စက်မှုလုပ်ငန်းကြောင့်ဖြစ်စေ၊ ဓာတုပစ္စည်းကြောင့်ဖြစ်စေ၊ အဏုမြူကြောင့်ဖြစ်စေ၊ ရေနံယိုဖိတ်ခြင်းကြောင့်ဖြစ်စေ၊ သဘာဝဓာတ်ငွေ့များ ယိုစိမ့်ခြင်းကြောင့်ဖြစ်စေ အန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့်သော်လည်းကောင်း၊ အများပြည်သူ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုများကို ဆိုသည်။ ယင်းစကားရပ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက သဘာဝဘေးအန္တရာယ်ဟု သတ်မှတ်သည့် အခြားဘေးအန္တရာယ်တစ်ခုခုလည်း ပါဝင်သည်။

(ဂ) **သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု**ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုများလျော့ပါးနိုင်သမျှ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း အပါအဝင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအမံများ ထည့်သွင်းဆောင်ရွက်သည့်လုပ်ငန်းများကိုလည်းကောင်း ဆိုသည်။

(ဃ) **သဘာဝဘေးအန္တရာယ်လျော့ပါးရေး**ဆိုသည်မှာ ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေးတို့အတွက်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်သည့်အခါ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ထိရောက်စွာတုံ့ပြန်နိုင်ရေးတို့အတွက်လည်းကောင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရမှုများကို လတ်တလောလျော့ပါးစေရန်နှင့် ရေရှည်လျော့ပါးစေရန် စီမံဆောင်ရွက်မှုများကို ဆိုသည်။

(င) **အရင်းအမြစ်**ဆိုသည်မှာ ဘေးသင့်သူများအတွက် လိုအပ်သော လူ့စွမ်းအား၊ စွမ်းအင်တစ်မျိုးမျိုး၊ ကျွဲနွားတိရစ္ဆာန်၊ ယာဉ်တစ်မျိုးမျိုး၊ ပစ္စည်းကိရိယာ၊ ဆက်သွယ်ရေးပစ္စည်း၊ အဆောက်အအုံ၊ သိုလှောင်ရုံ၊ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ နေရာနှင့် ငွေကြေး အပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ဆိုသည်။

(စ) **အမျိုးသားကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

(ဆ) **ဒေသဆိုင်ရာအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့တစ်ခုခုကို ဆိုသည်။

(ဇ) **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ**ဆိုသည်မှာ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဆိုသည်။

(ဈ) **နိုင်ငံရပ်ခြားဒေသတွင်းအဖွဲ့အစည်းများ**ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သည့် အဖွဲ့အစည်းများဖြစ်သော အရှေ့တောင်အာရှနိုင်ငံများအသင်း၊ အာရှဒေသနှင့် အခြားဒေသများအတွင်း ဖွဲ့စည်းထားသော အသင်းအဖွဲ့များကို ဆိုသည်။

(ည) **ဘေးသင့်သူများ**ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းကာကွယ်ရန်၊

(င) ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်။

## အခန်း (၃)
## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း၊ ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

### ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယသမ္မတတစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အမျိုးသားကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

### တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ အမျိုးသားကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် မူဝါဒများ ချမှတ်ခြင်း၊ ယင်းမူဝါဒများနှင့်အညီ လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီနှင့် အခြားလိုအပ်သောလုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဂ) ကမ္ဘာပေါ်တွင် ပေါ်ပေါက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို မှတ်တမ်းပြုစုရေး၊ ပေါ်ပေါက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်မှုအစီအစဉ်များ ရေးဆွဲရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ဆောင်ရွက်ရမည့်

ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရန် ဦးဆောင်မှုပေးခြင်း၊

(ဃ) ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်၏ ပြင်းထန်မှုနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏအပေါ် မူတည်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို အမျိုးသားကော်မတီကသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ကသော်လည်းကောင်း အဓိကတာဝန်ယူရေးအတွက် ခွဲခြားသတ်မှတ်ခြင်း၊

(င) ဒေသဆိုင်ရာအဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်များသည် ဘေးသင့်သူများထဲတွင် ပါသွားသဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို ကျေပွန်စွာဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ နီးစပ်ရာဒေသများမှ သင့်လျော်သူများ ပါဝင်သည့် ယာယီဒေသဆိုင်ရာအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်အခြေအနေကို ဖော်ပြ၍ အဆိုပါဒေသအား သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသဖြစ်ကြောင်း ကြေညာနိုင်ရန် နိုင်ငံတော်သမ္မတထံ တင်ပြခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်လျှော့ပါးရေးကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) ကျရောက်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ စိစစ်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးချက်ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန တည်ထောင်ခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်သတိပေးချက်ရရှိချိန်တွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသရှိ ပြည်သူများကို ဘေးလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းပေးနိုင်ရန် သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ဒေသဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်း၍ စီမံဆောင်ရွက်ခြင်း၊

(ည) သဘာဝဘေးအန္တရာယ်လျှော့ပါးရေးကို ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို ပါဝင်ကူညီဆောင်ရွက်လိုသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်းအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းများအား ပါဝင်ကူညီဆောင်ရွက်နိုင်ရန် စိစစ်ခွင့်ပြုခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဌ) ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများအတွက် လိုအပ်သော လူအင်အားနှင့် ပစ္စည်းအင်အားများကို အရန်သင့်အသုံးပြုနိုင်ရေးအတွက် စုစည်းထားရှိသည့် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဒေသဆိုင်ရာအဖွဲ့အား ကြီးကြပ်ကွပ်ကဲစေခြင်း၊

(ဍ) ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကူညီထောက်ပံ့ရေးနယ်မြေများ ခွဲခြားသတ်မှတ်ခြင်း၊ နယ်မြေသတ်မှတ်ချက်အရ ကူညီထောက်ပံ့မည့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော

အခြားအဖွဲ့အစည်းများ၏ လူအင်အားနှင့် ပစ္စည်းအင်အားစုစည်းအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဒေသဆိုင်ရာအဖွဲ့အား ကြီးကြပ်ကွပ်ကဲစေခြင်း၊

( ၓ ) ဘေးသင့်သူများအတွက် လိုအပ်သော အရင်းအမြစ်အား အသုံးပြုခပေးပြီး ယာယီအသုံးပြုရန် ညွှန်ကြားခြင်းနှင့် ဘေးသင့်သူများအား နေရာချထားခြင်း၊

(ဏ) သဘာဝဘေးအန္တရာယ်ကျရောက်လာသည့်အခါ ဘေးသင့်သူများအား အကူအညီပေးနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများအပြင် လိုအပ်ပါက တပ်မတော်၏အကူအညီများ ရယူဆောင်ရွက်ခြင်း၊

(တ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် လုံခြုံရေးဆောင်ရွက်ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အင်အားအပြင် လိုအပ်ပါက တပ်မတော်၏အင်အားကို ရယူဆောင်ရွက်ခြင်း၊

(ထ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် အရေးပေါ်ဆောင်ရွက်ရသည့် အခြေအနေကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေးဆောင်ရွက်မှုများကို ပြည်တွင်းပြည်ပမှ သိရှိနိုင်စေရေးအတွက် လိုအပ်သည့် သတင်းဖြန့်ချိပြန်ကြားမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ကြီးကြပ်လမ်းညွှန်ခြင်း၊

( ဒ ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် အရေးပေါ်လိုအပ်သည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြည့်တင်းထောက်ပံ့ရေးနှင့် ကူးစက်ရောဂါကျရောက်ခြင်းမရှိစေရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲစေခြင်း၊

( ဓ ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ကောက်ပဲသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ စီးပွားရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးလိုအပ်ချက်များ ကောင်းမွန်သောအခြေအနေရောက်ရှိရေးတို့အတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးဆောင်ခြင်း၊

( န ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ပြီး ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ နှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများကျင်းပရန် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

( ပ ) ပြည်တွင်းပြည်ပမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေကြေးများသုံးစွဲခြင်းကိုလည်းကောင်း၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကိုလည်းကောင်း စာရင်းဇယားနှင့် မှတ်တမ်းများပြုစုစေခြင်း၊ ထိုသို့ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ စေတနာရှင်များနှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် လမ်းညွှန်ခြင်းနှင့် ယင်းသို့ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

( ဖ ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များ ချမှတ်အကောင်အထည်ဖော်ရာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအမံများ ပါရှိစေရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

( ဗ ) သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသတွင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင်ဖြစ်စေ အမျိုးသားကော်မတီက တိုက်ရိုက်တာဝန်ယူ၍ ကြီးကြပ်ဆောင်ရွက်ရသည့်

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို လိုအပ်ပါက ယင်းဒေသနှင့်အနီးအနားရှိ ဒေသများ၌ အခြေစိုက်ဆောင်ရွက်ခြင်း၊

(ဘ) မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် သဘာဝဘေးအန္တရာယ်ကို ရေရှည်ကာကွယ်နိုင်ရေးတို့အတွက် လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ခြင်း၊

(မ) အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေခြင်း၊

(ယ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ရ) နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ထည့်ဝင်ရန် လိုအပ်မည့်ငွေကြေးများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(လ) ပြည်ပနိုင်ငံများ၊ အထူးသဖြင့် နိုင်ငံရပ်ခြားဒေသတွင်းအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားကြောင်း သိရှိရသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သင့်လျော်သည့် လူသားချင်းစာနာမှုအကူအညီများ ပေးခြင်း၊

(ဝ) ပြည်ပနိုင်ငံတစ်ခုခုက သဘာဝဘေးအန္တရာယ်ကျရောက်သည့် အခြားနိုင်ငံတစ်ခုခုသို့ စားရေရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ထောက်ပံ့ကူညီရာတွင် နိုင်ငံတော်အား စခန်းထောက်အဖြစ် ဖြတ်သန်းပြီး ထောက်ပံ့ကူညီခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

(သ) နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများကို အိမ်နီးချင်းနိုင်ငံများသို့လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများကို ပြည်တွင်းသို့လည်းကောင်း ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် တားဆီးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများအား ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဟ) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

## အခန်း (၄)
## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းခြင်း၊ ယင်းတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

**ဖွဲ့စည်းခြင်း**

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို ဒေသအလိုက် အနီးကပ်ကြီးကြပ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို ဒေသအလိုက် အနီးကပ်ကြီးကြပ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောဒေသဆိုင်ရာအဖွဲ့များကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးတွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ ရှိ မရှိကို အမြဲမပြတ်စောင့်ကြည့်လေ့လာပြီး ယင်းအန္တရာယ်ဖြစ်ပေါ်နိုင်သည့် သတင်းအချက်အလက်များ ရရှိပါက အမျိုးသားကော်မတီသို့ ဆောလျင်စွာတင်ပြခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ်ကျရောက်သည်နှင့်တစ်ပြိုင်နက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ ဘေးသင့်သူများလက်ဝယ်သို့ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ စနစ်တကျအချိန်မီရောက်ရှိစေရေး အတွက် ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် သင့်လျော်သောကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်စေရန် အကူအညီတောင်းခံခြင်းနှင့် အခမဲ့ဝန်ဆောင်မှုပေးခြင်းကို လက်ခံခြင်း၊

(စ) ဘေးသင့်သူများအတွက် လိုအပ်သော အရင်းအမြစ်အား အသုံးပြုခပေးပြီး အသုံးပြုရန် ညွှန်ကြားခြင်းနှင့် ယင်းတို့အား ယာယီနေရာချထားခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့လည်းကောင်း၊ ဒေသဆိုင်ရာအဖွဲ့များသို့လည်းကောင်း လိုအပ်သောအကူအညီများ တောင်းခံခြင်း၊

(ဇ) အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုတွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ဒေသဆိုင်ရာအဖွဲ့ကဖြစ်စေ အကူအညီများတောင်းခံလာပါက လိုအပ်သော အကူအညီများနှင့် ထောက်ပံ့မှုများပေးခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါတွင်ဖြစ်စေ၊ ကျရောက်မည့်အခြေအနေတွင်ဖြစ်စေ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် ဒေသတွင်းရှိပြည်သူများအား သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်နေရာနှင့် အဆောက်အအုံတို့မှ ဖယ်ရှားထွက်ခွာကြရန် ညွှန်ကြားခြင်းနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရန် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ခြင်း၊

(ည) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုလျော့ပါးရေးအတွက် မည်သည့်အတားအဆီးကိုမဆို ဖျက်ဆီးရန်ဖြစ်စေ၊ ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းရန်ဖြစ်စေ၊ အဆောက်အအုံ သို့မဟုတ် ပစ္စည်းတစ်ခုခုကို အသုံးပြုရန် သို့မဟုတ် ပြုပြင်ပြောင်းလဲရန်ဖြစ်စေ သဘာဝဘေးအန္တရာယ်ကျရောက်သည့် သို့မဟုတ် ကျရောက်မည့်ဒေသရှိ ဒေသဆိုင်ရာအဖွဲ့အား ညွှန်ကြားခြင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် အခြားနယ်မြေဒေသများသို့ သဘာဝဘေးအန္တရာယ်များ ပြန့်ပွားသွားစေနိုင်ပါက အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ခြင်း၊

(ဋ) သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများကို အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ အိမ်နီးချင်းနိုင်ငံများသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ အိမ်နီးချင်းနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများကို မိမိတို့ဒေသအတွင်းသို့လည်းကောင်း ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် တားဆီးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရဌာနအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ တာဝန်ယူဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဌ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် စီမံထားရှိသည့် အဆောက်အအုံ သို့မဟုတ် သီးသန့်နေရာဒေသသို့ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နယ်မြေနှင့် အနီးအနားနယ်မြေများသို့ဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်းမပြုရန် တားမြစ်ခြင်း သို့မဟုတ် ယင်းအဆောက်အအုံနှင့် နေရာဒေသတို့မှ ထွက်ခွာသွားရန် သက်ဆိုင်သူများကို ညွှန်ကြားခြင်း၊

(ဍ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်နယ်မြေတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများ စီစဉ်ဆောင်ရွက်ခြင်း၊

(ဎ) လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် သင့်လျော်သည့် အစိုးရ၊ အစိုးရအဖွဲ့အစည်းကိုဖြစ်စေ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေခြင်း၊

(ဏ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို စာရင်းကောက်ယူ၍ မှတ်တမ်းပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း၊

(တ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေကို အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ရေးဆွဲသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ထ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အမျိုးသားကော်မတီက ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးရုံးများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုများကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၅)

## သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာခြင်း

၁၁။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တစ်ဝန်းလုံးတွင်သော်လည်းကောင်း၊ နိုင်ငံတော်၏နယ်မြေဒေသတစ်ခုခုတွင်သော်လည်းကောင်း အသက်အိုးအိမ်စည်းစိမ်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အလွန်ကြီးမားသည့် ဘေးအန္တရာယ်ကျရောက်ကြောင်း အမျိုးသားကော်မတီက တင်ပြ၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ သိရှိရသည့်အခါ ယင်းဒေသကို မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရေး ဆောင်ရွက်ရာတွင် အခက်အခဲရှိမည်ဟု ယုံကြည်ပါက အဆိုပါဒေသကို အချိန်ကာလနှင့် နယ်မြေဒေသပိုင်းခြားသတ်မှတ်၍ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာနိုင်သည်။

၁၂။ နိုင်ငံတော်သမ္မတသည် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသဖြစ်ကြောင်း ကြေညာပြီးနောက် သတ်မှတ်ထားသည့်အချိန်ကာလနှင့် နယ်မြေဒေသကို လိုအပ်သလို တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

## အခန်း (၆)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု

၁၃။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးနိုင်သမျှ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုစီမံချက်များနှင့်အညီ လုပ်ငန်းအစီအစဉ်များ ချမှတ်ပြီး အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(၁) သဘာဝဘေးအန္တရာယ်မကျရောက်မီ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ၊

(၂) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ၊

(၃) သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ ရောက်ရှိစေရန် ဆောင်ရွက်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသည့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ။

(ခ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများ (အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ) အား ဦးစားပေးပြီး ကူညီစောင့်ရှောက်ရမည်။

(ဂ) ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် ပြုမူဆောင်ရွက်မှုမျိုး မဖြစ်စေရန် ရှောင်ကြဉ်ရမည်။

၁၄။ သဘာဝဘေးအန္တရာယ်မကျရောက်မီ ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်မှုများတွင် အောက်ပါတို့ ပါဝင်သည် -

(က) အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာအဖွဲ့အသီးသီးက သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးစနစ်များ ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်အဆင့်မှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ အဆင့်တိုင်းတွင် ဘေးကင်းလုံခြုံ၍ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော အလေ့အထ စွဲမြဲလာစေရန် အသိပညာ၊ အတတ်ပညာနှင့် တီထွင်ကြံဆမှုတို့ကို အသုံးချ၍ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာ အစီအမံများကို တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်အဆင့်မှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ အဆင့်တိုင်းတွင် သဘာဝဘေး အန္တရာယ်ကို ထိရောက်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ခိုင်မာစွာ တည်ဆောက်ခြင်း။

၁၅။ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသည့်ဒေသ၌ သဘာဝဘေးအန္တရာယ်မကျရောက်မီ စီစဉ်ဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည် -

(က) သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သောဒေသကို ဖော်ထုတ်၍ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြင်း ဆန်းစစ်ချက်ပြုစုခြင်းနှင့် အရေးပေါ်ဆောင်ရွက်ရမည့် စီမံချက်များ ရေးဆွဲခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာဗဟုသုတများကို အများပြည်သူသို့ အသိပညာပေးခြင်း၊ ကြိုတင်သတိပေးစနစ်များ ထားရှိဆောင်ရွက်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် လေ့ကျင့်သင်တန်းပေးခြင်းနှင့် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ခြင်း၊

(ဂ) ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ရသည့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ လျှော့ပါးစေရေးအတွက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေကျင့်သုံးဆောင်ရွက်တတ်ပြီး သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်သည့် ဒေသဆိုင်ရာ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်ရေးအတွက် ပြည်သူလူထု၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊

(ဃ) အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာအဖွဲ့များသည် ရပ်ရွာလူထုအခြေပြု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းများတွင် လူငယ်လူရွယ် စေတနာ့ဝန်ထမ်းများ အပါအဝင် ရပ်ရွာလူထုမှ တက်ကြွစွာပါဝင်ဆောင်ရွက်လာစေရန် လမ်းညွှန်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ် လွတ်ကင်းသည့်နေရာဒေသသို့ အများပြည်သူတို့ အချိန်မီရှောင်တိမ်းနိုင်ရေးနှင့် ပစ္စည်းဥစ္စာများ၊ ကျွဲ နွား တိရစ္ဆာန်များကို ရွှေ့ပြောင်းနိုင်ရေးတို့အတွက် သတင်းအချက်အလက်များနှင့် သတိပေးချက်များ ကြိုတင်ထုတ်ပြန်ခြင်းနှင့် လိုအပ်သည့် အကူအညီများ ပေးခြင်း၊

(စ) သဘာဝဘေးအန္တရာယ်အမျိုးအစားအလိုက် အနည်းဆုံးလိုအပ်သည့် အရေးပေါ်စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ အဆင်သင့်ကူညီထောက်ပံ့နိုင်ရန် စုဆောင်းသိုလှောင်ထားခြင်း၊

(ဆ) ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ အကူအညီများ ရယူနိုင်ရန် စီမံထားရှိခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကြီးမားပါက ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများက လိုအပ်သော အကူအညီများ ပေးနိုင်ရေးအတွက် သတင်းကွန်ရက်ဆက်သွယ်ထားရှိခြင်း၊

(စျ) သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်အခြားကဏ္ဍများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စီစဉ်ထားရှိခြင်း၊

(ည) ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

၁၆။ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသည့်ဒေသတွင် သဘာဝဘေးအန္တရာယ်မကျရောက်မီဆောင်ရွက်ရမည့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည် -

(က) အလွယ်တကူရှောင်တိမ်းရန် မဖြစ်နိုင်သောဒေသတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံများနှင့် အသက်ကယ်ကုန်းများ ဆောက်လုပ်ထားခြင်း၊

(ခ) ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် ရေလွှမ်းမိုးခြင်းခံရနိုင်သည့်ဒေသများတွင် တာတမံများတည်ဆောက်ခြင်း၊

(ဂ) ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒီရေတောများ ထိန်းသိမ်းခြင်းနှင့် ကြီးထွားမြန်သစ်ပင်များစိုက်ပျိုးခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်အမျိုးအစားအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

၁၇။ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေသူများကို အရေးပေါ်ရှာဖွေကယ်ဆယ်ခြင်း၊

(ခ) ဘေးသင့်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် ယာယီခိုလှုံရာအဆောက်အအုံများတွင် နေရာချထားပေးခြင်း၊

(ဂ) စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ အရေးပေါ်ထောက်ပံ့ပေးခြင်း၊

(ဃ) အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများကို ပဏာမစာရင်းပြုစုခြင်းနှင့် ထောက်ပံ့ရန် လိုအပ်မှုများအတွက် ဆန်းစစ်ချက်များ ပြုလုပ်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အရေးပေါ်ကွပ်ကဲရေးရုံး ဖွင့်လှစ်ပြီး အနီးကပ်ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ ဖွဲ့စည်း၍ ဒေသခံပြည်သူတို့အား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကူးစက်ရောဂါများ မကျရောက်စေရေးအတွက် ကာကွယ်ခြင်း၊

(ဆ) ယာယီဆေးခန်းနှင့် ဆေးရုံများ ဖွင့်လှစ်၍ ထိခိုက်ဒဏ်ရာရသူနှင့် မကျန်းမာသူများအား ဆေးဝါးကုသမှုပေးခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ်အမျိုးအစားအလိုက် ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ) ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

၁၈။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ကောက်ယူခြင်းနှင့် အတည်ပြုခြင်း၊

(ခ) ဘေးသင့်သူများအား လုံလောက်သော စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ဆက်လက်ထောက်ပံ့ခြင်းနှင့် ခွင့်ပြုရန်ပုံငွေမှ သင့်လျော်သော ထောက်ပံ့ငွေများ ပေးခြင်း၊

(ဂ) ပျက်စီးဆုံးရှုံးမှုအခြေအနေပေါ် မူတည်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစီမံချက် ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အဆောက်အအုံများ၊ နေအိမ်များကို သင့်လျော်သည့် နေရာတွင် သဘာဝဘေးဒဏ်ခံ အဆောက်အအုံများအဖြစ် ပြန်လည်တည်ဆောက်ခြင်း၊

(င) ဘေးသင့်သူများအတွက် လိုအပ်သော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန်ပြန်လည်လုပ်ကိုင်နိုင်ရန် ပြန်လည်ထူထောင်ပေးခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရသူများအား စိတ်ဓာတ်ပြန်လည်မြှင့်တင်ပြီး လူမှုအဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရန် ထူထောင်ပေးခြင်း၊

(ဆ) ဘေးသင့်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် ကူးစက်ရောဂါအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊

(ဇ) ဘေးသင့်သူများအနက် ကျောင်းနေသူများ ပညာရေးအရှိန်အဟုန်မပျက် ဆက်လက်သင်ယူနိုင်ရေးအတွက် စာသင်ကြားနိုင်ရန် စီမံဆောင်ရွက်ပေးခြင်းနှင့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပေးခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ဘေးသင့်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ည) ဘေးသင့်သူများအား လူကုန်ကူးမှုမှ တားဆီးကာကွယ်ရေးအတွက် သက်ဆိုင်ရာလူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

## အခန်း (၇)
## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ

၁၉။ အမျိုးသားကော်မတီသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေ၊ ပြည်တွင်းပြည်ပမှချေးငွေများနှင့် အခြားတရားဝင်ရငွေများ၊

(ဂ) ဒေသဆိုင်ရာအဖွဲ့များ၊ ပြည်တွင်းပြည်ပရှိ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေ။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေကို အမျိုးသား ကော်မတီ၏ ခွင့်ပြုချက်အရ အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများ ထံမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေများနှင့် အခြားတရားဝင်ရငွေများ၊

(ဂ) ပြည်တွင်းပြည်ပရှိ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့ အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေ။

၂၁။ အမျိုးသားကော်မတီသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲရမည်။

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဘဏ္ဍာရေးစည်းမျဉ်း များကို ရေးဆွဲရမည်။

၂၃။ အမျိုးသားကော်မတီသည် လိုအပ်ပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ ခွဲဝေပေးနိုင်သည်။

၂၄။ အမျိုးသားကော်မတီသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေတို့ကို သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ တင်ပြရမည်။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ဆန်းစစ်ချက်မပြုလုပ်ဘဲ ပေါ့ဆစွာဆောင်ရွက်မှုတစ်ခုခုကြောင့်ဖြစ်စေ၊ ဘေးအန္တရာယ် တစ်စုံတစ်ရာကျရောက်နိုင်သည်ကို သိလျက်နှင့် တမင်ပြုလုပ်မှုကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လျှင် သို့မဟုတ် ဖြစ်ပေါ်စေရန် အကြောင်းရှိလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၆။ မည်သူမဆို ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတစ်ရပ်ရပ် ဆောင်ရွက်သည်ကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဟန့်တားခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမူခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ မဟုတ်မမှန်သတင်းလွှင့်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း

ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းကို မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန် ရေးသွင်းခြင်း၊

(ခ) ပေးအပ်သောတာဝန်ကို ထမ်းဆောင်ရန် တမင်ပျက်ကွက်ခြင်း။

၂၉။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သူမဆို အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ဤဥပဒေအရ တာဝန် ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် တမင်ပျက်ကွက်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာ သို့မဟုတ် အဆောက်အအုံအတွင်းသို့ ခွင့်ပြုချက် မရှိဘဲ ဝင်ရောက်ခြင်း၊

(ဂ) ဘေးသင့်သူများအား ထောက်ပံ့သည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည် ထူထောင်ရေးပစ္စည်းများကို မရိုးမဖြောင့်သော သဘောဖြင့် အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ တားဆီးခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံ သဘာဝ ဘေးအန္တရာယ်ခံစားရသည်ဟု မဟုတ်မမှန်လိမ်လည်၍ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကိုဖြစ်စေ၊ ထောက်ပံ့ငွေကိုဖြစ်စေ တင်ပြတောင်းခံခြင်း။

၃၁။ မည်သူမဆို သဘာဝဘေးအန္တရာယ်ကျရောက်နေသည့်အခါတွင်ဖြစ်စေ၊ ကျရောက်တော့မည့်အခိုက် တွင်ဖြစ်စေ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန်အလို့ငှာလည်းကောင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျှော့ချရေးလုပ်ငန်းများကို အဟန့်အတားမဖြစ်စေရန်အလို့ငှာလည်းကောင်း ယင်းနေရာရှိ ပြည်သူများအား သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်နေရာနှင့် အဆောက်အအုံတို့မှ ဖယ်ရှားထွက်ခွာကြရန် သို့မဟုတ် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရန် ညွှန်ကြားသည်ကို လိုက်နာရန် တမင်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၉)

## အထွေထွေ

၃၂။ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို သက်ဆိုင်ရာတည်ဆဲဥပဒေ အရ အခွန်အကောက်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။

၃၃။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်အဝဝကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၃၄။ အမျိုးသားကော်မတီသည် ပြည်တွင်းပြည်ပ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတာဝန်တစ်ရပ်ရပ် ထမ်းဆောင်ချိန်၌ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် သတ်မှတ်ထားသောဝတ်စုံကို ဝတ်ဆင်ရန်၊ အမှတ်အသားတံဆိပ်ကို တပ်ဆင်ရန် ခွင့်ပြုနိုင်သည်။

၃၅။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုအရေးယူခြင်းမရှိစေရ။

၃၆။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သဘာဝဘေးအန္တရာယ် လတ်တလောမကျရောက်သေးသော်လည်း ဘေးအန္တရာယ် မကြာမီကျရောက်လာနိုင်သည်ဟု ယုံကြည်ရသည့်နေရာရှိ ပြည်သူများအား ရွှေ့ပြောင်းရန် လိုအပ်ပါက ၎င်းတို့၏ဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

၃၇။ သဘာဝဘေးအန္တရာယ်လျှော့ပါးရေး ဆောင်ရွက်မှုတစ်ခုခုကြောင့် ပုဂ္ဂလိကပိုင်ပစ္စည်းတစ်ခုခုတွင် တိုက်ရိုက်ထိခိုက်ဆုံးရှုံးမှုရှိခဲ့လျှင်သော်လည်းကောင်း၊ လူ့အသက်ဆုံးရှုံးခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါ ထိခိုက်ခြင်းရှိခဲ့လျှင်သော်လည်းကောင်း နစ်နာသူသည် သတ်မှတ်ချက်များနှင့်အညီ လျော်ကြေးငွေ ရပိုင်ခွင့်ရှိသည်။

၃၈။ တပ်မတော်နယ်မြေတစ်ခုခုတွင် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ရန်ရှိလျှင်သော်လည်းကောင်း၊ တပ်မတော်ပိုင်ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ အသုံးပြုရန်ရှိလျှင်သော်လည်းကောင်း ယင်းသို့ဆောင်ရွက်ရန် သို့မဟုတ် အသုံးပြုရန် နယ်မြေတာဝန်ခံတပ်မှူး၏သဘောတူညီချက် ရယူဆောင်ရွက်ရမည်။

၃၉။ ဤဥပဒေ အာဏာမသက်ရောက်မီ သဘောဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၄၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၁။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၄၂။ ဤဥပဒေပါ ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက် )

**၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

## ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၂။ )

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **လွှတ်တော်**ဆိုသည်မှာ ဤဥပဒေပါ ကိစ္စအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(ဂ) **သဘာပတိ**ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမအစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးအား ကြီးကြပ်ကွပ်ကဲရန် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ**ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(င) **ဒုတိယဥက္ကဋ္ဌ**ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(စ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ ဤဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့အစည်းများ**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၃ အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီများနှင့် အဖွဲ့များကို ဆိုသည်။

(ဇ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်း**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့ကိုလည်းကောင်း ဆိုသည်။

(ဈ) **ရွေးကောက်ပွဲဥပဒေ**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆိုသည်။

(ည) **လွှတ်တော်ရုံး**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။

(ဋ) **လွှတ်တော်ကိုယ်စားလှယ်ရုံး**ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် ဖွင့်လှစ်ထားသောရုံးကို ဆိုသည်။

## အခန်း (၂)
## လွှတ်တော်

### ဖွဲ့စည်းခြင်း

၃။ လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် ၂ ဦးကျစီ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တိုင်းဒေသကြီးတွင် ထိုတိုင်းဒေသကြီးရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသား တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည ဒသမ တစ်ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊

(ဂ) ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သောလူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည ဒသမ တစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

(ဃ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဂ) တို့အရ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ။

### သက်တမ်း

၄။ လွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင် လွှတ်တော်၏သက်တမ်းသည်လည်း ကုန်ဆုံးသည်။

## အခန်း (၃)
## သဘာပတိ

၅။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း သဘာပတိအဖြစ် တင်မြှောက်ရမည်။

၆။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း လွှတ်တော်ရှေ့မှောက်တွင် သတ်မှတ်ထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

၇။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

## အခန်း (၄)

## လွှတ်တော်ကိုယ်စားလှယ်များ

### ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း

၈။ (က) လွှတ်တော်သက်တမ်းတိုင်း၏ ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိရှေ့မှောက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၄ တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

(ခ) ကတိသစ္စာမပြုရသေးသော လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

### တာဝန်များ

၉။ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊

(င) မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း၊

(ဇ) လွှတ်တော်က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း၊

### လုပ်ပိုင်ခွင့်များ

၁၀။ လွှတ်တော်ကိုယ်စားလှယ်များ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများ တင်သွင်းခြင်း၊

(ခ) ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အဆိုများ တင်သွင်းခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊

(ဂ) လွှတ်တော်တွင် တင်ပြဆွေးနွေးသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက် ရယူခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊

(င) လွှတ်တော်က တင်မြှောက်သည့် သဘာပတိအဖြစ်လည်းကောင်း၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခံခွင့် သို့မဟုတ် ယင်းသို့ ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် သို့မဟုတ် ယင်းအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဇ) လွှတ်တော်အစည်းအဝေးကျင်းပသည့်နေရာသို့ တက်ရောက်လေ့လာရန် လေ့လာသူအဖြစ် ပြည်သူများကို လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။

**ကျင့်ဝတ်နှင့်စည်းကမ်းများ**

၁၁။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာရမည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာစောင့်ထိန်းခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ပြုမူပြောဆိုဆက်ဆံနေထိုင်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း။

**ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၁၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် တင်ပြဆွေးနွေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ခ) သတ်မှတ်ထားသော ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားစရိတ်များကို ခံစားခွင့်ရှိခြင်း၊

(ဂ) လွှတ်တော်အစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ကြိုတင်ခွင့်ပြုချက် မရရှိပါက -

(၁) ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(၂) တရားရုံးတစ်ခုခုက သက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း။

(ဃ) လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်၏ အစည်းအဝေးတက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ဥက္ကဋ္ဌ၏ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(င) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများ၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများထံဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များထံဖြစ်စေ တောင်းခံရယူခွင့်ရှိခြင်း။

**ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်း**

၁၃။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို နယ်မြေဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်။

## အခန်း (၅)
## လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ

**ရွေးကောက်တင်မြှောက်ခြင်း**

၁၄။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၁၅။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစားထိုးရွေးကောက်တင်မြှောက်ရမည်။

**တာဝန်ထမ်းဆောင်ခြင်း**

၁၆။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန်အစည်းအဝေးစတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။

၁၇။ ဥက္ကဋ္ဌသည် ယင်း၏တာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိလျှင်သော်လည်းကောင်း၊ ဥက္ကဋ္ဌအား ဥပဒေနှင့်အညီ တာဝန်မှရုပ်သိမ်းရန်ကိစ္စ ဖြစ်ပေါ်လာလျှင်သော်လည်းကောင်း ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင်ရမည်။

၁၈။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**တာဝန်မှရပ်စဲခြင်း**

၁၉။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ လွှတ်တော်၏ရုပ်သိမ်းခြင်းကိုခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည်။

၂၀။ ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးကိုဖြစ်စေ လွှတ်တော်က အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ တာဝန်မှရုပ်သိမ်းနိုင်သည် -

(က) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။

၂၁။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပုဒ်မ ၂၀ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ ရုပ်သိမ်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည်။

## အခန်း (၆)

## လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း

၂၂။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ဖြစ်ပေါ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည် -

(က) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ဆုံးရှုံးခြင်း၊

(ဂ) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခံရခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသော အကြောင်းတစ်ရပ်ရပ်ကြောင့် ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခံရခြင်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း၊

(စ) ကွယ်လွန်ခြင်း။

## အခန်း (၇)

## လွှတ်တော်အဖွဲ့အစည်းများ

### ဖွဲ့စည်းခြင်း

၂၃။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စများကို လေ့လာတင်ပြနိုင်စေရေးအတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။

၂၄။ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန် လိုအပ်ပါက အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ယင်းသို့ ဖွဲ့စည်းခြင်းကို အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။

### အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းသတ်မှတ်ခြင်း

၂၅။ လွှတ်တော်သည် ကော်မတီနှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်။

၂၆။ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကို တာဝန်ခံရမည်။

## အခန်း (၈)
## လွှတ်တော်အစည်းအဝေးများ

**ပုံမှန်အစည်းအဝေးများ**

၂၇။ (က) လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့် နေ့ရက်ဖြစ်သည်။

(ခ) လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်းစတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။

၂၈။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ လွှတ်တော်အစည်းအဝေးများ ကျင်းပရန် လိုအပ်သည့် အစီအစဉ်များကို ဥက္ကဋ္ဌက စီစဉ်ဆောင်ရွက်ရမည်။

၂၉။ လွှတ်တော်၏နောင်သက်တမ်းများအတွက် ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃၀။ လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

၃၁။ (က) ဥက္ကဋ္ဌသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမ ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရမည်။ သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက် လာသော လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးလက်မှတ်ဖြင့် စိစစ်အတည်ပြုရမည်။

(ဂ) လွှတ်တော်သည် ဒုတိယပုံမှန်အစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

**အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများ**

၃၂။ လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် လိုအပ်လျှင် ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

၃၃။ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကို ဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၃၄။ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပ ရမည်။

**အစည်းအဝေးနေ့ရက်၊ အချိန်သတ်မှတ်ခြင်းနှင့် အထမြောက်ခြင်း**

၃၅။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့ရက်နှင့် အချိန်တို့တွင် ကျင်းပရမည်။

၃၆။ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေးတစ်ရပ်ရပ်၏ ပထမနေ့တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

၃၇။ ပုဒ်မ ၃၆ အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

**အစည်းအဝေး၌ဆောင်ရွက်ရမည့်ကိစ္စရပ်များ**

၃၈။ လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည် -

(က) နိုင်ငံတော်သမ္မတ ပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်း တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(စ) လွှတ်တော်သို့ တင်သွင်းမည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊

(ဈ) ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၃၉။ လွှတ်တော်၏အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့်ကိစ္စရပ်များနှင့် အတည်ပြုချက်ရယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လွှတ်တော်အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) လွှတ်တော်အစည်းအဝေးကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ဂ) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

**မဲခွဲဆုံးဖြတ်ခြင်း**

၄၀။ လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

၄၁။ ပုဒ်မ ၄၀ အရ ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၄၂။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် သဘာပတိ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးက မဲခွဲဆုံးဖြတ်ရမည်။ သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့်မရှိစေရ။

## လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်

၄၃။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၄၄။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၄၅။ ပုဒ်မ ၄၃ နှင့် ၄၄ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် လွှတ်တော်၏စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၏တင်ပြခွင့်

၄၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

၄၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော အဖွဲ့အစည်းဝင်များသည် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

## အခန်း (၉)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဝန်ကြီးဌာနအရေအတွက်နှင့် အဖွဲ့အစည်းဝင်ဦးရေကို အဆုံးအဖြတ်ပေးခြင်း

၄၈။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၁) နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဌာနအရေအတွက်ကိုလည်းကောင်း၊ ပုဒ်မ ၂၄၈ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၂) နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဦးရေကိုလည်းကောင်း၊ ပုဒ်မ ၃၀၈ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) ပါ သတ်မှတ်ချက်အတွင်း ခန့်ထားရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေကိုလည်းကောင်း သတ်မှတ်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

၄၉။ လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဌာနအရေအတွက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဦးရေကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေကိုလည်းကောင်း အခါအားလျော်စွာပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဦးရေကို တိုးခြင်း၊ လျှော့ခြင်း ပြုလုပ်လိုကြောင်း နိုင်ငံတော်သမ္မတ၏အဆိုပြုချက်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ခန့်အပ်တာဝန်ပေးရန် သဘောတူညီချက် ရယူခြင်း

၅၀။ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ပုဒ်မခွဲ (ခ) နှင့်အညီ အမည်စာရင်း အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက် ရယူရမည်။

၅၁။ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) နှင့်အညီ အမည်စာရင်းအဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက် ရယူရမည်။

၅၂။ ဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၆၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၀၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) တို့နှင့်အညီ အမည်စာရင်းအဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက် ရယူရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်။

၅၃။ လွှတ်တော်သည် နိုင်ငံတော်သမ္မတက ပုဒ်မ ၅၀ နှင့် ၅၁ တို့အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအားလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ပုဒ်မ ၅၂ အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအားလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့်မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်အား ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

၅၄။ ပုဒ်မ ၅၀၊ ၅၁ နှင့် ၅၂ တို့အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက် လွှတ်တော်၏ သဘောတူညီချက် မရရှိသည့်ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို နိုင်ငံတော်သမ္မတနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တို့က လွှတ်တော်သို့ ထပ်မံတင်ပြခွင့်ရှိသည်။

**ကတိသစ္စာပြုခြင်း**

၅၅။ လွှတ်တော်သည် ပုဒ်မ ၅၀၊ ပုဒ်မ ၅၁ နှင့် ပုဒ်မ ၅၂ တို့အရ လွှတ်တော်၏သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်တို့အား လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌ၏ရှေ့မှောက်၌ ကတိသစ္စာပြုစေရမည်။

## အခန်း (၁၀)
## ဥပဒေပြုခြင်း

**ဥပဒေပြုခွင့်**

၅၆။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံး အတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၅၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၅၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ယင်းကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းရမည်။

၅၉။ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ထားသောကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

**နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်**

၆၀။ လွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ဂ) အထက်အပိုဒ်ခွဲ (က) နှင့် (ခ) အရ ထုတ်ပြန်ခွင့်ရှိသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ သို့မဟုတ် အာဏာပိုင်များသည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်ရက်အတွင်း လွှတ်တော်သို့ ပေးပို့နိုင်ရေးအတွက် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရမည်။

၆၁။ ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

၆၂။ လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို အနီးကပ်ဆုံး ကျင်းပသော လွှတ်တော်ပုံမှန်အစည်းအဝေးကာလတွင် ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

၆၃။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

၆၄။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

## အခန်း (၁၁)
## နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်း

၆၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်း ပေါ်ပေါက်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၃ ပုဒ်မခွဲ (က) နှင့် (ဂ) တို့အရ ဆောင်ရွက်သည့်အခါ ယင်းနယ်နိမိတ်နှင့် အကျုံးဝင်သည့် မြို့နယ်များအတွင်း နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ စုစုပေါင်း၏ထက်ဝက်ကျော်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် ယင်းနယ်နိမိတ်နှင့် အကျုံးဝင်သည့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၏ဆန္ဒ ရယူရမည်။

၆၆။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံနှင့်အထက် ထောက်ခံဆန္ဒမဲရရှိလျှင် သော်လည်းကောင်း၊ သက်ဆိုင်ရာလွှတ်တော်တစ်ရပ်ရပ်က နယ်နိမိတ်ပြင်ဆင်ရန် သဘောမတူကြောင်း

ဆုံးဖြတ်လျှင်သော်လည်းကောင်း ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ကို ရယူနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

## အခန်း (၁၂)
## နိုင်ငံတော်သမ္မတ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ဆက်သွယ်ရေး

၆၇။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

၆၈။ လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန်ရှိသောအခါ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အကြောင်းကြားနိုင်သည် -

(က) လွှတ်တော်သည် အဆိုတစ်ရပ် တင်သွင်းအတည်ပြုပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် ဥက္ကဋ္ဌထံမှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း၊

(ခ) လွှတ်တော်ကိုယ်စား ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာ ပေးပို့ခြင်း။

၆၉။ လွှတ်တော်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားလိုကြောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုလျှင် ဥက္ကဋ္ဌက လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

## အခန်း (၁၃)
## အရေးပေါ် ကာလဆိုင်ရာပြဋ္ဌာန်းချက်နှင့် လွှတ်တော်

၇၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာသည့်နေ့မှစ၍ လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်းကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက်ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၇၁။ မိမိအား ပေးအပ်ထားသောတာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာရရှိသည့်အခါ လွှတ်တော်သက်တမ်းကုန်ဆုံးခြင်းမရှိသေးသဖြင့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော်အားလုံးနှင့် သက်ဆိုင်ရာဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသောလွှတ်တော်သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၁၄)
## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၇၂။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်များမှအပ အခြားမည်သူမျှ ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ မဝင်ရ၊

(ခ) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ လိမ်လည်ပြောဆို၍ သို့မဟုတ် သူတစ်ပါးအယောင်ဆောင်၍ ဝင်ရောက်ခြင်းမပြုရ။

(ဂ) လွှတ်တော်အစည်းအဝေးကျင်းပချိန်၌ဖြစ်စေ၊ အစည်းအဝေးကျင်းပချိန်အပ၌ဖြစ်စေ ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရှိဘဲ သတ်မှတ်ထားသော လွှတ်တော်ပရဝဏ်အတွင်း ညဥ့်အိပ်ညဥ့်နေမပြုရ။

၇၃။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သတ်မှတ်ထားသော လွှတ်တော်ပရဝဏ်အတွင်း ဆန္ဒပြခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆူပူနှောင့်ယှက်ခြင်းမပြုရ။

(ခ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်မှ ဆွေးနွေးမေးမြန်းရန် ဖိတ်ခေါ်ခြင်းခံရသူတစ်ဦးအား မတရားသြဇာလွှမ်းမိုးခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမပြုရ။

(ဂ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝဏ်အတွင်း၌ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကိုယ်ထိလက်ရောက်ပြုခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်းမပြုရ။

(ဃ) လွှတ်တော်ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးထားသောဝန်ထမ်းတစ်ဦး သို့မဟုတ် လွှတ်တော်လုံခြုံရေးတာဝန်ရှိသူတစ်ဦးအား ယင်း၏တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ။

(င) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ကို လိမ်လည်လှည့်ဖြားရန် အကြံဖြင့် အတုပြုလုပ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားများကို တင်ပြခြင်းမပြုရ။

(စ) လျှို့ဝှက်စွာထိန်းသိမ်းထားရှိရမည့် လွှတ်တော်ဆိုင်ရာစာရွက်စာတမ်းများ၊ အကြောင်းအရာများ၊ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များနှင့် အခြားအထောက်အထားများကို ပြင်ပသို့ ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေးပို့ခြင်းမပြုရ။

(ဆ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝဏ်အတွင်း၌ဖြစ်စေ ခွင့်ပြုထားသူမှအပ လက်နက်ယူဆောင်လာခြင်းမပြုရ။

၇၄။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက ဥက္ကဋ္ဌ၏ခွင့်ပြုချက် ရယူပြီး သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

၇၅။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဤဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့မှအပ ပုဒ်မ ၁၁ ပါ ကျင့်ဝတ်နှင့် စည်းကမ်းများဆိုင်ရာအချက်တစ်ခုခုကို မလိုက်နာကြောင်း တွေ့ရှိပါက ဥက္ကဋ္ဌသည် အောက်ပါနည်းလမ်းများဖြင့် အရေးယူနိုင်သည် -

(က) သတိပေးခြင်း၊

(ခ) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်အား ယာယီရပ်စဲခြင်း။

၇၆။ ဤအခန်းပါ ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း (၁၅)

## အထွေထွေ

၇၇။ ဤဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၇၈။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ ဥပဒေပြုစာရင်းပါ ဥပဒေပြုရေးကို အထောက်အကူပြုရန်နှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော ဖွဲ့စည်းမှုများကို ရေးဆွဲဖွဲ့စည်းတည်ထောင်နိုင်သည်။

၇၉။ လွှတ်တော်သည် လွှတ်တော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်းအပြန်အလှန် ထိန်းကျောင်းကူညီဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေမှုရှိသော လွှတ်တော်ရုံးကို ဖွဲ့စည်းထူထောင်ရမည်။

၈၀။ လွှတ်တော်သည် လွှတ်တော်ရုံး၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲရန်ကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်ကို ရေးဆွဲပြုစုပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာသို့ ပေးပို့ရမည်။

၈၁။ လွှတ်တော်သည် လိုအပ်သော မြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်။

၈၂။ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များ ကျခံ၍ ဖွင့်လှစ်နိုင်သည်။

၈၃။ လွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို လွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။

၈၄။ ပြည်သူက ရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအား ရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော အများက လေးစားထိုက်သည့်ပုဂ္ဂိုလ်များ ဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒဖော်ဆောင်ရာတွင် လည်းကောင်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထား တိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်။

၈၅။ လွှတ်တော်ကသော်လည်းကောင်း၊ လွှတ်တော်၏အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၄/၂၀၁၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး (ရွှေပြည်သာမဲဆန္ဒနယ်) ၏ "၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး (ရွှေပြည်သာမဲဆန္ဒနယ်) က ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" အား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

## ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်     )**

၁၃     ခုနှစ်၊          လ      ရက်

( ၂၀     ခုနှစ်၊          လ     ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၁ ၏ အထက်တွင် ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၃။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၃ ၏ အထက်တွင် ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

## အခန်း (၂)
## ဆင်ယင်ပြသခြင်း

၄။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၃ တွင် ပါရှိသော (၁) ကို (က) အဖြစ်လည်းကောင်း၊ (၂) ကို (ခ) အဖြစ်လည်းကောင်း အစားထိုးရမည်။

၅။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (င) အောက်၌ ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(စ) အမျိုးသားခေါင်းဆောင်ကြီး၏ပုံကို ရုံးဌာနများနှင့် နေအိမ်အဆောက်အဦများတွင် အလေးအမြတ်ထား၍ ချိတ်ဆွဲဆင်ယင်ထားရှိခြင်း၊

၆။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၆ ၏ အထက်တွင် ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

## အခန်း (၃)
## စစ်ဆေးအရေးယူခြင်း

၇။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၆ ၌ ပါရှိသော ပုဒ်မခွဲ (၁) ကို (က) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (၂) ကို (ခ) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (၃) ကို (ဂ) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (၄) ကို (ဃ) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲငယ် (က) ကို (၁) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲငယ် (ခ) ကို (၂) အဖြစ်လည်းကောင်း အစားထိုးရမည်။

၈။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၆ ၌ ပါရှိသော "ခရိုင်ရာဇဝတ်တရားသူကြီး" ဆိုသည့် စကားရပ်ကို "ခရိုင်တရားသူကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "နယ်ပိုင်ရာဇဝတ်တရားသူကြီး" ဆိုသည့် စကားရပ်ကို "မြို့နယ်တရားသူကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပထမတန်း သို့တည်းမဟုတ် ဒုတိယတန်း ရာဇဝတ်တရားသူကြီး" ဆိုသည့် စကားရပ်ကို "ပထမတန်း သို့တည်းမဟုတ် ဒုတိယတန်း ရာဇဝတ်အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ရာဇဝတ်တရားသူကြီး" ဆိုသည့် စကားရပ်ကို "တရားသူကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၉။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၇ ၏ အထက်တွင် ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။

## အခန်း (၄)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၀။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (ခ) ၌ ပါရှိသော "(က၊ က) တရားဝင်အဖွဲ့မှတစ်ပါး အခြားသူဖြစ်လျှင် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" စီရင်ခြင်း ခံရမည်။ "(ခ၊ ခ) တရားဝင်အဖွဲ့ဖြစ်လျှင် ကျပ်တစ်ထောင်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်" ဆိုသည့် စကားရပ်အစား

(၁) တရားဝင်အသင်းအဖွဲ့မှတစ်ပါး အခြားသူဖြစ်လျှင် တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်၊

(၂) တရားဝင်အသင်းအဖွဲ့ဖြစ်လျှင် ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )

**တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ "၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်း" ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်း" အား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

# ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေမူကြမ်း

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်      )

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော်      ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ      ရက် )

**နိဒါန်း**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **စာချွန်တော်အမိန့်**ဆိုသည်မှာ ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့် အမှုခေါ်စာချွန်တော်အမိန့်တို့ကို ဆိုသည်။

(ဂ) **ရှေ့တော်သွင်းစာချွန်တော်အမိန့်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တရားရုံးတစ်ရုံးရုံးသို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ထိန်းသိမ်းချုပ်နှောင်ထားသူကို စာချွန်တော်ရုံးသို့ ခေါ်ဆောင်စေပြီး ဥပဒေနှင့်အညီ ချုပ်နှောင်ထားခြင်း ရှိ/မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

(ဃ) **အာဏာပေးစာချွန်တော်အမိန့်**ဆိုသည်မှာ တရားဝင်အခွင့်အာဏာရှိသူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အစိုးရဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအား လိုက်နာဆောင်ရွက်ရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

(င) **တားမြစ်စေစာချွန်တော်အမိန့်**ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘော သက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ စီရင်ဆောင်ရွက်မှုတွင် စီရင်ခွင့်အာဏာ ကျော်လွန်၍ဖြစ်စေ၊ တရားမျှတမှုကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်းမပြုရန် ရေးသားထုတ်ပြန်သည့်အမိန့်စာကို ဆိုသည်။

(စ) **အာဏာပိုင်မေးစာချွန်တော်အမိန့်**ဆိုသည်မှာ အစိုးရဌာနတစ်ခုခု သို့မဟုတ် အခွင့်အာဏာ အပ်နှင်းထားသည့် အဖွဲ့အစည်းတစ်ခုခုသည် တစ်ဦးတစ်ယောက် သို့မဟုတ် အများအပေါ်တွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

(ဆ) **အမှုခေါ်စာချွန်တော်အမိန့်**ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘော သက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့်ညီညွတ်မျှတမှု မရှိကြောင်း စိစစ်တွေ့ရှိရပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေနှင့်ညီညွတ်စေရန် ရေးသား ထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

(ဇ) **တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃ (က) အရ ဖွဲ့စည်းထားသော တရားရုံးများကို ဆိုသည်။

(ဈ) **စာချွန်တော်ရုံး**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၆ (က) အရ စာချွန်တော်အမိန့်ထုတ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကို ဆိုသည်။

(ည) **လျှောက်ထားလွှာ**ဆိုသည်မှာ စာချွန်တော်အမိန့်တစ်ရပ်ရပ် ထုတ်ဆင့်ပေးရန် ကျိုးကြောင်းရှင်းလင်း ဖော်ပြချက်များနှင့် သက်ဆိုင်ရာစာရွက်စာတမ်းပါဝင်သည့် စာချွန်တော်ရုံးသို့ တင်သွင်းသော လျှောက်ထားလွှာကို ဆိုသည်။

(ဋ) **လျှောက်ထားသူ**ဆိုသည်မှာ စာချွန်တော်အမိန့်တစ်ရပ်ရပ် ထုတ်ဆင့်ပေးရန် တင်ပြလျှောက်ထားသူ သို့မဟုတ် လျှောက်ထားသူများ သို့မဟုတ် တင်ပြလျှောက်ထားသူက လွှဲအပ်ခြင်းခံရသည့် တရားလွှတ်တော်ရှေ့နေကို ဆိုသည်။

(ဌ) **လျှောက်ထားခံရသူ**ဆိုသည်မှာ စာချွန်တော်အမိန့်တစ်ရပ်ရပ် ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများတွင် ထိုလျှောက်ထားမှုများနှင့်စပ်လျဉ်းသည့် တိုက်ရိုက်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြုလုပ်ဆောင်ရွက်သူ သို့မဟုတ် ပြုလုပ်ဆောင်ရွက်ရန် ပျက်ကွက်သူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနများကို ဆိုသည်။

## အခန်း (၂)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်ဆိုင်ရာတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) အောက်ပါစာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိသည် -

(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်

(၂) အာဏာပေးစာချွန်တော်အမိန့်

(၃) တားမြစ်စေစာချွန်တော်အမိန့်
(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်
(၅) အမှုခေါ်စာချွန်တော်အမိန့်

( ခ ) နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။

၄။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) ပါ နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်များတွင် ပေးအပ်ထားသော အခွင့်အရေးများနှင့်စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော်အမိန့်တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာရှိသည် -

(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်
(၂) အာဏာပေးစာချွန်တော်အမိန့်
(၃) တားမြစ်စေစာချွန်တော်အမိန့်
(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်
(၅) အမှုခေါ်စာချွန်တော်အမိန့်

( ခ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့်သဘောမျိုး သက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။

၅။ အောက်ဖော်ပြပါ အခြေအနေနှင့် အချိန်အခါမှတစ်ပါး နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်းမပြုရ -

(က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊

( ခ ) ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်နေချိန်၊

( ဂ ) အရေးပေါ်အခြေအနေဖြစ်ပေါ်နေချိန်။

## **အခန်း (၃)**
## **လျှောက်ထားလွှာ စိစစ်ကြားနာရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်များ ထုတ်ဆင့်နိုင်ရေးအတွက် ပြည်ထောင်စုတရားသူကြီးချုပ် ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) လျှောက်ထားလွှာကို ကြားနာစိစစ်ရန် အဖွဲ့ဝင် အနည်းဆုံးသုံးဦးဖြင့် ဖွဲ့စည်းရမည်။

( ခ ) ပြည်ထောင်စုတရားသူကြီးချုပ် ပါဝင်သော အဖွဲ့တွင် ပြည်ထောင်စုတရားသူကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

( ဂ ) ပြည်ထောင်စုတရားသူကြီးချုပ် မပါဝင်သော အဖွဲ့တွင် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးအပ်သူက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ကြားနာစိစစ်သည့်အဖွဲ့အား လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**လျှောက်ထားလွှာကြားနာစိစစ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များ**

၇။ လျှောက်ထားလွှာကြားနာစိစစ်ရေးအဖွဲ့သည် လျှောက်ထားလွှာပါ အကြောင်းအချက်များနှင့် ပူးတွဲပါရှိသည့် အထောက်အထားစာရွက်စာတမ်းများကို ကနဦးစိစစ်၍ လျှောက်ထားသူအား အကြောင်းချင်းရာများကို ရှင်းလင်းတင်ပြစေရန် ဆင့်ခေါ်၍ ကြားနာရမည်။

၈။ လျှောက်ထားလွှာစိစစ်ကြားနာရေးအဖွဲ့သည် -

(က) လျှောက်ထားလွှာပါ အကြောင်းချက်များ၊ လျှောက်ထားသူ၏ ရှင်းလင်းတင်ပြချက်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ကြောင်း ပေါ်ပေါက်ပါက ဆက်လက်စိစစ်ကြားနာရန် ဆုံးဖြတ်ချက်ချမှတ်ရမည်။

( ခ ) ဆက်လက်စိစစ်ကြားနာရန် မသင့်ကြောင်း ပေါ်ပေါက်ပါက ကျိုးကြောင်းပြည့်စုံစွာ ရေးသား၍ ဆုံးဖြတ်ချက်ချမှတ်ရမည်။ သို့ရာတွင် လျှောက်ထားလွှာပါ အချက်အလက်များ၊ ပူးတွဲပါရှိသည့် အထောက်အထား၊ စာရွက်စာတမ်းများ ပြည့်စုံခိုင်လုံမှုမရှိပါက လိုအပ်သည်များ ပြည့်စုံစွာ ဆောင်ရွက်ရန် ပြန်လည်တင်ပြနိုင်ကြောင်း လျှောက်ထားသူအား ရှင်းလင်းညွှန်ပြရမည်။

( ဂ ) ဆက်လက်စိစစ်ကြားနာရန် ဆုံးဖြတ်ပါက လျှောက်ထားလွှာကို ဆက်လက်စိစစ်ကြားနာ၍ ဥပဒေနှင့်အညီ စာချွန်တော်အမိန့်တစ်ရပ်ရပ် ချမှတ်ရမည်။

(ဃ) ဆက်လက်စိစစ်ကြားနာရန်အတွက် လိုအပ်သည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် အစိုးရဌာနများက တာဝန်ရှိသူများအား ဆင့်ခေါ်စိစစ်ကြားနာနိုင်သည်။ ထို့ပြင် လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများကို တောင်းယူစိစစ်နိုင်သည်။

( င ) လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ စိစစ်ကြားနာရန် ပြည်ထောင်စုရှေ့နေချုပ်သို့ အကြောင်းကြားရမည်။

၉။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်ဟူသော ပြဋ္ဌာန်းချက်များမှအပ ကျန်ကိစ္စများတွင် စာချွန်တော်အမိန့် ထုတ်ပိုင်ခွင့် ရှိစေရမည်။

## အခန်း (၄)
## လျှောက်ထားလွှာတင်သွင်းခြင်း

၁၀။ လျှောက်ထားသူသည် မိမိ၏ဥပဒေနှင့်အညီ ရထိုက်ခွင့်ရှိသော သက်သာခွင့်ဖြစ်စေ၊ နစ်နာဆုံးရှုံးမှုဖြစ်စေ အကြောင်းခြင်းရာများကို ပြည့်စုံစွာရေးသားဖော်ပြ၍ ခိုင်လုံသည့် သက်သေအထောက်အထားများ ပူးတွဲလျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်သည့် နည်းလမ်းနှင့်အညီ လျှောက်ထားလွှာကို တင်သွင်းရမည်။

၁၁။ လျှောက်ထားလွှာတွင် လျှောက်ထားခံရသူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အစိုးရဌာန၏ အမည်နှင့် လျှောက်ထားလွှာနှင့်ဆီလျော်သော စာချွန်တော်အမိန့်တစ်ရပ် ထုတ်ပေးစေလိုကြောင်း ရေးသားဖော်ပြပါရှိရမည်။

## အခန်း (၅)
## လျှောက်ထားခံရသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ စိစစ်ကြားနာရန် ဆင့်ခေါ်ပါက စာချွန်တော်ရုံး ကြားနာစိစစ်ရေးအဖွဲ့သို့ လာရောက်ရမည်။

၁၃။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများကို စာချုပ်တော်ရုံး ကြားနာစိစစ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၄။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာပါ စာချုန်တော်အမိန့်တစ်ရပ်ရပ်အား ထုတ်ပြန်မပေးသင့်ကြောင်း တင်ပြလိုပါက ပူးတွဲစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကျိုးကြောင်းရှင်းလင်းဖော်ပြရေးသား၍ စာချုန်တော်ရုံးကြားနာစိစစ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၅။ လျှောက်ထားခံရသူသည် စာချုန်တော်ရုံး ကြားနာစိစစ်ရေးအဖွဲ့က တောင်းယူသော စာရွက်စာတမ်း၊ အထောက်အထားများနှင့်စပ်လျဉ်း၍ လျှောက်ထားလွှာနှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ ရယူတင်ပြခွင့်ရှိသည်။

## အခန်း (၆)
## စာချုန်တော်အမိန့်ဆိုင်ရာလိုက်နာရန်တာဝန်များ

၁၆။ စာချုန်တော်ရုံးလျှောက်ထားလွှာ ကြားနာစိစစ်ရေးအဖွဲ့မှ ထုတ်ပြန်သည့် စာချုန်တော်အမိန့်တစ်ရပ်ရပ်ကို လျှောက်ထားခံရသူသည် ထုတ်ပြန်သည့် စာချုန်တော်အမိန့်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အာဏာအပ်နှင်းထားသည့် စာချုန်တော်ဆိုင်ရာအမိန့်တစ်ရပ်ရပ်သည် ပြည်ထောင်စုတရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်၊ အမိန့်ကဲ့သို့ လိုက်နာဆောင်ရွက်ရန် တာဝန်ရှိစေရမည်။

## အခန်း (၇)
## အထွေထွေ

၁၈။ စာချုန်တော်အမိန့်လျှောက်ထားလွှာကို လျှောက်ထားလွှာတင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်နေ့မှ နှစ်နှစ်အတွင်း လျှောက်ထားလွှာတင်သွင်းခြင်းမပြုလျှင် စာချုန်တော်အမိန့်တစ်ရပ်ရပ် ထုတ်ပြန်ခြင်းမပြုရ။

၁၉။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချုန်တော်လျှောက်ထားလွှာများနှင့်စပ်လျဉ်း၍ တရားစီရင်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကဲ့သို့ စိစစ်ကြားနာ၍ အမိန့်ချမှတ်နိုင်သည်။

၂၀။ ပြည်ထောင်စုရှေ့နေချုပ်သည် လျှောက်ထားသူဘက်ကဖြစ်စေ၊ လျှောက်ထားခံရသူဘက်ကဖြစ်စေ၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူများအပေါ်တွင်ဖြစ်စေ လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ စာချုန်တော်ကြားနာစိစစ်ရေးအဖွဲ့သို့ တင်ပြလျှောက်ထားခွင့်ရှိသည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် တည်ဆဲနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် လက်စွဲများကို ဤဥပဒေအတည်ဖြစ်သောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏**
**"အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်း" ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်း" အား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

**အသင်းအဖွဲ့များဆိုင်ရာဥပဒေမူကြမ်း**

**( ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  /၂၀၁၃ )**

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အသင်းအဖွဲ့များဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **"နိုင်ငံတော်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **"အစိုးရအဖွဲ့"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **"ဗဟိုအဖွဲ့"** ဆိုသည်မှာ အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော **"အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် မှတ်ပုံတင်ရေးတို့အတွက် ကြီးကြပ်ရေးဗဟိုအဖွဲ့"** ကို ဆိုသည်။

(ဃ) **"အသင်းအဖွဲ့"** ဆိုသည်မှာ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့ကို မထိခိုက်စေဘဲ ရည်ရွယ်ချက်တစ်ခုခု

သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခုအတွက် ဆန္ဒတူသည့်လူအများ စုပေါင်းဖွဲ့စည်းထားသော အသင်းအဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂ၊ ကော်မတီ၊ ဖောင်ဒေးရှင်း၊ ကွန်ရက်၊ အဖွဲ့ချုပ်၊ အသင်းစုနှင့် အလားတူပြည်တွင်း၌ဖွဲ့စည်းထားသော အသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် အသင်းအဖွဲ့၏ အဖွဲ့ခွဲများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် ယင်းတို့၏အဖွဲ့ခွဲများလည်း ပါဝင်သည်။

(င) **"နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့"** ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုခုဖြစ်ပြီး အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံတော်အတွင်း အများပြည်သူဆိုင်ရာလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်သည့် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်သည့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းကို ဆိုသည်။

(စ) **"ဖွဲ့စည်းခွင့်လက်မှတ်"** ဆိုသည်မှာ ဗဟိုအဖွဲ့က အသင်းအဖွဲ့များအား ထုတ်ပေးသော အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဆ) **"မှတ်ပုံတင်လက်မှတ်"** ဆိုသည်မှာ ဗဟိုအဖွဲ့က နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များအား ထုတ်ပေးသော နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုသည့် လက်မှတ်ကို ဆိုသည်။

(ဇ) **"ဝန်ကြီးဌာန"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဈ) **"ဦးစီးဌာန"** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

(ည) **"ညွှန်ကြားရေးမှူးချုပ်"** ဆိုသည်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဋ) **"ညွှန်ကြားရေးမှူး"** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ပေးအပ်ထားသော ညွှန်ကြားရေးမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းတို့ကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရန်၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသင်းအဖွဲ့များကို လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်စေရန်၊

(ဂ) အသင်းအဖွဲ့များ၏ဆောင်ရွက်ချက်များသည် နိုင်ငံတော်အတွက် အနှောင်အဖွဲ့ကင်းလွတ်သော ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်စေရန်၊

(ဃ) အသင်းအဖွဲ့များသည် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရန်၊

(င) အသင်းအဖွဲ့များသည် မိမိတို့၏လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ လွယ်ကူချောမွေ့စေရန်နှင့် ဌာနဆိုင်ရာများထံမှ လိုအပ်သည့်အကူအညီများ ရယူနိုင်ရန်။

## အခန်း (၃)

## ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းတို့အနက် ၂ ဦးအား ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သင့်လျော်သော ညွှန်ကြားရေးမှူးတစ်ဦးအား တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် **"ဗဟိုအဖွဲ့"** ကို ဖွဲ့စည်းရမည်။

၅။ **"ဗဟိုအဖွဲ့"** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရန်နှင့် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ဂ) အသင်းအဖွဲ့များအား ဖွဲ့စည်းခွင့်လက်မှတ်ထုတ်ပေးခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ဃ) နိုင်ငံတော်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်မည့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်ပြုခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးခြင်း၊

(င) အသင်းအဖွဲ့များအား ကြီးကြပ်ခြင်း၊

(စ) ဖွဲ့စည်းခွင့်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိသည့် အသင်းအဖွဲ့များသည် ယင်းတို့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များတွင်ပါရှိသည့် အများပြည်သူဆိုင်ရာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ရှိစေမည့် ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သောက်သုံးရေရရှိရေး၊ အာဟာရဖွံ့ဖြိုးရေး၊ သက်ကြီးရွယ်အိုများနှင့် ခိုကိုးရာမဲ့ကလေးသူငယ်များအား စောင့်ရှောက်ရေး၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသိပညာဗဟုသုတများပျံ့နှံ့စေရေး၊ လူနေမှုဘဝတိုးတက်မြင့်မားစေရေး၊ နာရေးကူညီမှုများ ဆောင်ရွက်ပေးရေး၊ အခြားလူမှုရေးလုပ်ငန်းဆောင်ရွက်မှုများ စသည်တို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းများ လွယ်ကူချောမွေ့စေရန် လမ်းညွှန်ပေးခြင်း၊

(ဆ) ဤဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်မရှိဘဲ ရပ်တည်လှုပ်ရှားဆောင်ရွက်သည့် အသင်းအဖွဲ့များအား ဥပဒေနှင့်အညီ အရေးယူခြင်း၊

(ဇ) ဖွဲ့စည်းခွင့်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့များနှင့် မှတ်ပုံတင်လက်မှတ်ရရှိထားသည့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များသည်လည်းကောင်း၊ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်းမရှိလျှင် ဥပဒေနှင့်အညီ အရေးယူခြင်း။

## အခန်း (၄)
## ပြည်တွင်းအသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုခြင်း

၆။ အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခွင့်လက်မှတ်ရရှိလိုပါက လျှောက်ထားလိုသော အသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် **ဗဟိုအဖွဲ့**သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၇။ **"ဗဟိုအဖွဲ့"** သည် ပုဒ်မ ၆ အရ ဖွဲ့စည်းခွင့်လက်မှတ်ရရှိရန် လျှောက်ထားလာသော အသင်းအဖွဲ့အား သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

(က) အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခွင့်ပြုရန် ဆုံးဖြတ်ပါက ဖွဲ့စည်းခွင့်လက်မှတ်ကို လျှောက်ထားသည့်နေ့ရက်မှစ၍ ရက်ပေါင်းကိုးဆယ်အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

(ခ) အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြ၍ ဖွဲ့စည်းခွင့်မပြုကြောင်း ပြန်ကြားစာကို လျှောက်ထားသူအား ရက်ပေါင်းကိုးဆယ်အတွင်း ပြန်ကြားရမည်။

## အခန်း (၅)
## နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်ပြုခြင်း

၈။ နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့တစ်ခုခုသည် မှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ယင်းအသင်းအဖွဲ့၏တာဝန်ခံက ဗဟိုအဖွဲ့သို့ လျှောက်ထားရမည်။

၉။ **ဗဟိုအဖွဲ့**သည် ပုဒ်မ ၈ အရ မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားလာသော နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့အား စိစစ်ပြီး -

(က) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ဆုံးဖြတ်သည့်နေ့မှစ၍ မှတ်ပုံတင်လက်မှတ်ကို ရက်ပေါင်းကိုးဆယ်အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

(ခ) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း လျှောက်ထားသူအား ရက်ပေါင်းကိုးဆယ်အတွင်း ပြန်ကြားရမည်။

## အခန်း (၆)
## ဖွဲ့စည်းခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားရန်မလိုသော အသင်းအဖွဲ့များ

၁၀။ ဤဥပဒေအရ ဖွဲ့စည်းခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားရန်မလိုသော အသင်းအဖွဲ့များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ၁၉၈၈ ခုနှစ်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်သက်တမ်းတည်လျက်ရှိသော အသင်းအဖွဲ့၊

(ခ) ဘာသာ၊ သာသနာရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့၊

(ဂ) စီးပွားရေးသက်သက်ကိုသာ လုပ်ကိုင်ဆောင်ရွက်သော အသင်းအဖွဲ့၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့၊

(င) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရမည့် နိုင်ငံရေးအသင်းအဖွဲ့များ။

## အခန်း (၇)
## အသင်းအဖွဲ့များ၏သက်တမ်းနှင့် သက်တမ်းတိုးမြှင့်ခြင်း

၁၁။ ဖွဲ့စည်းခွင့်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များ၏သက်တမ်းသည် ဗဟိုအဖွဲ့က ထုတ်ပေးသည့်နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

၁၂။ ဖွဲ့စည်းခွင့်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့များနှင့် မှတ်ပုံတင်လက်မှတ်ရရှိထားသော နိုင်ငံတကာအသင်းအဖွဲ့များသည် သက်တမ်းကုန်ဆုံးပြီးနောက် အသင်းအဖွဲ့အဖြစ် ဆက်လက်၍ရပ်တည်လှုပ်ရှားဆောင်ရွက်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်းခြောက်ဆယ် ကြိုတင်၍ ဗဟိုအဖွဲ့သို့ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

၁၃။ ဗဟိုအဖွဲ့က ဖွဲ့စည်းခွင့်မပြုလျှင်ဖြစ်စေ၊ မှတ်ပုံတင်ခွင့်မပြုလျှင်ဖြစ်စေ၊ အသင်းအဖွဲ့များအား သက်တမ်းတိုးမြှင့်ပေးခြင်းမပြုလျှင်ဖြစ်စေ ယင်းအသင်းအဖွဲ့များသည် ဆက်လက်ရပ်တည်လှုပ်ရှားဆောင်ရွက်ခြင်းမပြုရ။

## အခန်း (၈)
## တားမြစ်ချက်

၁၄။ မည်သည့်အသင်းအဖွဲ့တစ်ခုခု၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မျှ ဖွဲ့စည်းခွင့်လက်မှတ်မရှိဘဲ အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခြင်း သို့မဟုတ် အသင်းအဖွဲ့အဖြစ် ရပ်တည်လှုပ်ရှားဆောင်ရွက်ခြင်း မပြုရ။

၁၅။ မည်သူမျှ ဖွဲ့စည်းခွင့်လက်မှတ်မရှိသည့် အသင်းအဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်ခြင်း မပြုရ။

၁၆။ မည်သည့်နိုင်ငံတကာအသင်းအဖွဲ့မျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ အသင်းအဖွဲ့အဖြစ် ရပ်တည်လှုပ်ရှားဆောင်ရွက်ခြင်း မပြုရ။

၁၇။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိသည့် အသင်းအဖွဲ့တစ်ခု၏ အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်

၁၈။ မည်သည့်အသင်းအဖွဲ့တစ်ခုခု၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သည့်နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့မဆို ပုဒ်မ ၁၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုနိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ်အား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ထိုပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထိုသူကို ကျူးလွန်သည့်နေ့ရက်အသီးသီးအတွက် ထိုပြစ်မှုတွင် ပြဋ္ဌာန်းထားသော အများဆုံးချမှတ်နိုင်သည့် ငွေဒဏ်၏ ၁၀ ရာခိုင်နှုန်းချမှတ်ရမည်။

## အခန်း (၁၀)

## အထွေထွေ

၂၃။ ဗဟိုအဖွဲ့သည် ဤဥပဒေအရ ဖွဲ့စည်းခွင့်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များအနေဖြင့် ခွင့်ပြုစဉ်က ဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲ၍ လုပ်ရှားဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိလျှင် ထိုအသင်းအဖွဲ့၏ ဖွဲ့စည်းခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့်ကို ပယ်ဖျက်နိုင်သည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၅။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၆/၈၈) အား ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၂၆။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၆/၈၈) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရခိုင်ပြည်နယ်လွှတ်တော်

## ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄။ )

၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် သက်ဆိုင်စေပြီး ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

## အခန်း (၁)

## ရငွေများနှင့်သုံးငွေများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက်ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း (၂)

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရမည်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းပေးနိုင်သည်။ ထိုသို့ ခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်၊

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

## အခန်း (၁)

## ရငွေများနှင့်သုံးငွေများ

၆။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ

အတွက် လိုအပ်သည့် သာမန်အသုံးစရိတ်များသုံးစွဲမှုကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ငွေလုံးငွေရင်း အသုံးစရိတ်များကို ပြည်နယ်၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၈။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်။

## အခန်း (၂)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၉။ (က) ပြည်နယ်အစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဤဥပဒေ၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ဤဥပဒေအရ ခွင့်ပြုထားသောငွေများအတွင်း ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စ တစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခြင်းပြုနိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက် ( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၃

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၃) တွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) နေရာတွင် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်လှိုင်မိုးအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ (၁) နှစ် အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

### ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၃

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )

**သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာဝန်ဆောင်မှုဆောင်ရွက်ပေးသော သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်**

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၄၊ ၂၅ နှင့် ၂၆ တို့ပါ ပြဋ္ဌာန်းချက်များအရ သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ

ဝန်ဆောင်မှုဆောင်ရွက်ပေးသော သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၉၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဤညွှန်ကြားချက်သည် သင်္ဘောသားများ စုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်း (Seafarer Recruitment and Placement) တို့အတွက် ဝန်ဆောင်မှုကိုယ်စားလှယ်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရေးအတွက် လိုင်စင်လျှောက်ထားခြင်းကိစ္စများ၊ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ယူရမည့်ကိစ္စများနှင့် လိုက်နာဆောင်ရွက်ရမည့်ကိစ္စများဆိုင်ရာ ညွှန်ကြားချက်များဖြစ်သည်။

၃။ ဤညွှန်ကြားချက်တွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်သည် -

(က) **ဦးစီးဌာန**ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ခ) **သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်း**ဆိုသည်မှာ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက သင်္ဘောပိုင်ရှင်ကိုယ်စား သင်္ဘောသားများ စုဆောင်းခြင်း၊ စုဆောင်းထားသည့် သင်္ဘောသားများကို တာဝန်ထမ်းဆောင်ရမည့်သင်္ဘောများသို့ ရောက်ရှိရန် ဆောင်ရွက်ခြင်း၊ တာဝန်ပြီးဆုံးသည့် သင်္ဘောသားများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိစေရေးဆောင်ရွက်ခြင်း စသည့် ဝန်ဆောင်မှုကိစ္စများအပြင် ချုပ်ဆိုထားသည့် သဘောတူစာချုပ်နှင့် အလုပ်အကိုင်စာချုပ်ပါ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက တာဝန်ယူဆောင်ရွက်ပေးရမည့် လုပ်ငန်းအားလုံးကို ဆိုသည်။

(ဂ) **သင်္ဘောသား**ဆိုသည်မှာ ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သင်္ဘောသားကို ဆိုသည်။

(ဃ) **လိုင်စင်**ဆိုသည်မှာ ဦးစီးဌာနက ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့များအား သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ကို သတ်မှတ်ထားသည့်ကာလအတွင်း ခွင့်ပြုထားသောလက်မှတ်ကို ဆိုသည်။

(င) **သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း (Seafarer Agency)** ဆိုသည်မှာ ဦးစီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပေးထားသည့် သက်တမ်းရှိသောလိုင်စင်ကို ကိုင်ဆောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။

(စ) **သင်္ဘောပိုင်ရှင်**ဆိုသည်မှာ သင်္ဘောကို ပိုင်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် သင်္ဘောပိုင်ရှင်ထံမှ တာဝန်ယူထားပြီးသူဖြစ်သည့်အပြင် သင်္ဘောပိုင်ရှင်အပေါ်တင်ရှိမည့် တာဝန်နှင့်ဝတ္တရားများကို လွှဲပြောင်းခံယူပါမည်ဟု သဘောတူထားပြီးသော ထိုသင်္ဘောပိုင်ရှင်က တာဝန်ပေးအပ်ထားသည့် အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ ပါဝင်သည် -

(၁) သင်္ဘောအား စီမံခန့်ခွဲအုပ်ချုပ်သူနှင့် ကိုယ်စားလှယ်၊

(၂) သင်္ဘောစင်းလုံးငှားရမ်းလုပ်ကိုင်သည့် သို့မဟုတ် အကျိုးတူဖက်စပ်လုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ။

(ဆ) **သဘောတူစာချုပ် (Agreement Contract)** ဆိုသည်မှာ သင်္ဘောပိုင်ရှင်နှင့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းတို့အကြား သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိစ္စရပ်များအပြင် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက စုဆောင်းပေးသည့် သင်္ဘောသားများအပေါ် သင်္ဘောပိုင်ရှင်၏ တာဝန်ရှိမှုများအတွက် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းအား သင်္ဘောပိုင်ရှင်က တာဝန်ခံကြောင်း ချုပ်ဆိုထားသည့်စာချုပ်ကို ဆိုသည်။

(ဇ) **အလုပ်အကိုင်စာချုပ် (Employment Contract)** ဆိုသည်မှာ သင်္ဘောတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ သင်္ဘောသားနှင့် သင်္ဘောပိုင်ရှင်တို့အကြား ချုပ်ဆိုသည့် စာချုပ်ကို ဆိုသည်။

**လိုင်စင်လျှောက်ထားခွင့်ရှိသည့် သတ်မှတ်ချက်များ**

၄။ အောက်ပါ သတ်မှတ်ချက်အထောက်အထားများနှင့် ပြည့်စုံပါက လိုင်စင်လျှောက်ထားခွင့်ရှိသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ကုမ္ပဏီများ၊ သင်တန်းကျောင်းများနှင့် အသင်းအဖွဲ့များဖြစ်ရမည်၊

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဝန်ဆောင်မှုလုပ်ငန်းအတွက် ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်၊

(ဂ) ဦးစီးဌာနက သတ်မှတ်ထားသော အာမခံအတွက် စပေါ်ငွေကို ပေးသွင်းနိုင်ရမည်။

**လိုင်စင်လျှောက်ထားခြင်း**

၅။ ဦးစီးဌာနက သတ်မှတ်ထားသည့် လျှောက်လွှာပုံစံနှင့်အတူ အထက်အပိုဒ် ၄ ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားများအပြင် အောက်ပါအချက်အလက်နှင့် အထောက်အထားများ ပူးတွဲ၍ ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားရမည် -

(က) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်းအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားသည့် သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(ခ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း၏ ဒါရိုက်တာများစာရင်း (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အတည်ပြုထားသည့် ပုံစံ ၂၆ ပါ ဒါရိုက်တာများစာရင်း)၊

(ဂ) အထက်အပိုဒ်ခွဲ (ခ) ပါ ဒါရိုက်တာများ၏ကိုယ်ရေးရာဇဝင်၊

(ဃ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း၏ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်း၊

(င) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း၏ ဖွဲ့စည်းပုံနှင့်အင်အား၊

(စ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မည့် ရုံးခန်းအကျယ်အဝန်းနှင့် ပိုင်ဆိုင်မှု (ရုံးခွဲရှိပါက သီးခြားဖော်ပြရန်)၊

(ဆ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း၏ ရုံးခန်းလိပ်စာ (ရုံးခွဲရှိပါက သီးခြားဖော်ပြရန်)၊

(ဇ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း၏ မတည်ငွေရင်း၊

(ဈ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း၏ ဒါရိုက်တာများသည် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ ဦးစီးဌာနကသော်လည်းကောင်း၊ တရားရုံးတစ်ခုခုကသော်လည်းကောင်း အရေးယူခံခဲ့ရခြင်းမရှိကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ဝန်ခံချက်။

**လိုင်စင်ထုတ်ပေးခြင်း**

၆။ ဦးစီးဌာနသည် သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီသည့် လျှောက်ထားမှုများအတွက် သက်တမ်း (၁) နှစ်ရှိသော ယာယီလိုင်စင်ကို ကနဦးထုတ်ပေးသွားမည်ဖြစ်သည်။ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ယာယီလိုင်စင်ကိုင်ဆောင်ထားစဉ်ကာလအတွင်း ဦးစီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်မှုရှိပါက ယာယီလိုင်စင်သက်တမ်းကုန်ဆုံးချိန်တွင် (၃) နှစ် သက်တမ်းရှိသော လိုင်စင်ကို ဆက်လက်ထုတ်ပေးသွားမည်ဖြစ်သည်။

**လိုင်စင်ကြေး**

၇။ လိုင်စင်လျှောက်ထားခြင်းအတွက် ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပါက အောက်ပါ သက်ဆိုင်ရာ လိုင်စင်ကြေးကို ဦးစီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ ပေးသွင်းရမည် -

(က) ယာယီလိုင်စင်အတွက် (၅၀၀,၀၀၀) ကျပ်

(ခ) (၃) နှစ်သက်တမ်းလိုင်စင်အတွက် (၁,၀၀၀,၀၀၀) ကျပ်

**လိုင်စင်သက်တမ်းတိုးခြင်း**

၈။ လိုင်စင်သက်တမ်းတိုးရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လိုင်စင်သက်တမ်းတိုးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ (၃) လ ကြိုတင်၍ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) လိုင်စင်သက်တမ်းတိုးလျှောက်ထားရာတွင် ဦးစီးဌာနက သတ်မှတ်ထားသော လိုင်စင်သက်တမ်းတိုး လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအချက်အလက်နှင့် အထောက်အထားများ ပူးတွဲ၍ ဦးစီးဌာနသို့ လျှောက်ထားတင်ပြရမည် -

(၁) လိုင်စင်သက်တမ်းတိုးလျှောက်ထားသည့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားသည့် သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(၂) လိုင်စင်သက်တမ်းတိုးလျှောက်ထားသည့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ ဒါရိုက်တာများစာရင်း (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အတည်ပြုထားသည့် ပုံစံ ၂၆ ပါ ဒါရိုက်တာများစာရင်း)၊

(၃) အထက်အပိုဒ်ခွဲငယ် (၂) ပါ ဒါရိုက်တာများ၏ကိုယ်ရေးရာဇဝင်၊

(၄) လိုင်စင်သက်တမ်းတိုးလျှောက်ထားသည့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ ဖွဲ့စည်းပုံနှင့် အင်အားစာရင်း၊

(၅) လိုင်စင်သက်တမ်းတိုးလျှောက်ထားသည့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော သင်္ဘောပိုင်ရှင်များအကြား ချုပ်ဆိုထားသည့် သဘောတူစာချုပ် (Agreement Contract) များ၊

(၆) လိုင်စင်သက်တမ်းတိုးလျှောက်ထားသည့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းဝန်ဆောင်မှု အစီအစဉ်ဖြင့် သက်ဆိုင်ရာသင်္ဘောများပေါ်တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော သင်္ဘောသားများစာရင်း (Onboard Crew List)၊

(ဂ) လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းကို လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လျှောက်ထားပါက ပထမ (၃) လအတွက် သက်ဆိုင်ရာလိုင်စင်ကြေး၏နှစ်ဆကိုလည်းကောင်း၊ ဒုတိယ (၃) လအတွက် သက်ဆိုင်ရာလိုင်စင်ကြေး၏လေးဆကိုလည်းကောင်း မူလလိုင်စင်ကြေးအပြင် ထပ်ဆောင်း၍ ဦးစီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ ပေးသွင်းရမည်။

၉။ ဦးစီးဌာနသည် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ လိုင်စင်သက်တမ်းကုန်ဆုံးချိန်မှစ၍ သင်္ဘောသားစုဆောင်းစေလွှတ်ခွင့်ကို ဆိုင်းငံ့ထားမည်ဖြစ်ပြီး (၆) လအတွင်း လိုင်စင်သက်တမ်းတိုးရန် လျှောက်ထားလာခြင်းမရှိပါက ဦးစီးဌာနက ထုတ်ပေးထားသည့်လိုင်စင်ကို အပြီးရုပ်သိမ်းသွားမည်ဖြစ်သည်။

**သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းများ တာဝန်ခံလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် သတ်မှတ်ချက်များ**

၁၀။ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းများသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် လုပ်ငန်းတာဝန်များကို တာဝန်ခံ၍ လိုက်နာဆောင်ရွက်ရမည် -

(က) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့် သင်္ဘောပိုင်ရှင်တို့အကြား ချုပ်ဆိုသည့် သဘောတူစာချုပ် (Agreement Contract) တွင် ပါရှိသော သင်္ဘောသားများ တာဝန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ စာချုပ်ပါအခွင့်အရေးများသည် ဦးစီးဌာနနှင့် သင်္ဘောသားအဖွဲ့အစည်းများ ညှိနှိုင်းရေးဆွဲထားသည့် အထွေထွေသဘောတူညီချက် (General Agreement) တွင် ပါရှိသော သင်္ဘောသားများ ခံစားခွင့်ရှိသည့် အခွင့်အရေးများနှင့် ကိုက်ညီမှုရှိရမည် သို့တည်းမဟုတ် ပိုမိုကောင်းမွန်ရမည်။

(ခ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက စုဆောင်းတာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားများနှင့် သက်ဆိုင်သည့် သဘောတူစာချုပ် (Agreement Contract) တွင် ပါရှိသော သင်္ဘောသားများ ခံစားခွင့်ရှိသည့် အခွင့်အရေးများ၊ ခွင့်ခံစားခွင့်များ၊ ထိခိုက်ဒဏ်ရာရ နာမကျန်းဖြစ်ခြင်းတို့အပေါ် ဆေးကုသခြင်းနှင့် ဆေးခွင့်လစာကိစ္စများ၊ လစာကိစ္စများနှင့် သေဆုံးခြင်းဆိုင်ရာလျော်ကြေးကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာသင်္ဘောသား သို့မဟုတ် သင်္ဘောသား၏ခံစားခွင့်ရှိသည့် အမွေခံက အမှန်တကယ်ရရှိခံစားနိုင်ရေး မပျက်မကွက်တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဂ) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိစ္စများနှင့် ပတ်သက်၍ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ ပြုမူဆောင်ရွက်ချက်များကို သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက အပြည့်အဝတာဝန်ယူရမည်။

(ဃ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် သင်္ဘောပိုင်ရှင်ကိုယ်စား တာဝန်ထမ်းဆောင်မည့် သင်္ဘောသားနှင့် အလုပ်အကိုင်စာချုပ် (Employment Contract) မချုပ်မီ သက်ဆိုင်ရာသဘောတူစာချုပ် (Agreement Contract) တွင် ပါရှိသော သင်္ဘောသားများ၏ အခွင့်အရေးများနှင့် တာဝန်များကို သက်ဆိုင်ရာသင်္ဘောသားက သေချာစွာနားလည်သဘောပေါက်မှုရှိစေရေးအတွက် ရှင်းလင်းထားရမည်။

(င) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် သဘောတူစာချုပ် (Agreement Contract) နှင့် အလုပ်အကိုင်စာချုပ် (Employment Contract) တို့ကို မြန်မာဘာသာပြန်ဆို၍ နိုတြီပတ်ဗလစ် (Notary Public) ပြုလုပ်ထားရမည်။ အငြင်းပွားမှု/တောင်းဆိုမှုတစ်စုံတစ်ရာဖြစ်ပွားပါက မြန်မာဘာသာဖြင့် ပြန်ဆို၍ နိုတြီပြုလုပ်ထားသော သဘောတူစာချုပ် (Agreement Contract) နှင့် အလုပ်အကိုင်စာချုပ် (Employment Contract) ပါ အချက်အလက်များကိုသာ တရားဝင်အထောက်အထားအဖြစ် မှတ်ယူ၍ ဦးစီးဌာနက ဆုံးဖြတ်ဆောင်ရွက်သွားမည်။

(စ) သင်္ဘောပိုင်ရှင်ကိုယ်စား သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် တာဝန်ထမ်းဆောင်မည့် သင်္ဘောသားနှင့် အလုပ်အကိုင်စာချုပ် (Employment Contract) ချုပ်ဆိုရာတွင် သက်ဆိုင်ရာ သဘောတူစာချုပ် (Agreement Contract) နှင့် အလုပ်အကိုင်စာချုပ် (Employment Contract) စာချုပ်တို့တွင်ပါရှိသော သဘောတူညီကြမည့်အချက်များကို သက်ဆိုင်ရာသင်္ဘောသားက သေချာစွာ ရှင်းလင်းသဘောပေါက်မှုရှိစေရေးအတွက် ဖတ်ရှုခြင်း၊ စိစစ်စုံစမ်းခြင်းများ ဆောင်ရွက်နိုင်ရန် လက်မှတ်ရေးထိုးခြင်းမပြုမီနှင့် လက်မှတ်ရေးထိုးပြီးနောက် လုံလောက်သော အချိန်နှင့် သင့်လျော်သောပြင်ဆင်မှုများကို ဆောင်ရွက်ပေးထားရမည်။ ထို့အပြင် သင်္ဘောသားလက်မှတ်ရေးထိုးပြီးသော အလုပ်အကိုင်စာချုပ် (Employment Contract) မိတ္တူများကို သက်ဆိုင်ရာ သင်္ဘောသားနှင့် ဦးစီးဌာနသို့ ပေးပို့ထားရမည်။

(ဆ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏အစီအစဉ်ဖြင့် တာဝန်ထမ်းဆောင်သည့် သင်္ဘောသားများနှင့် သင်္ဘောပိုင်ရှင်အကြား အငြင်းပွားမှုနှင့် တောင်းဆိုမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သင်္ဘောပိုင်ရှင်နည်းတူ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည်လည်း ချုပ်ဆိုထားသည့် စာချုပ်များအရ တာဝန်ရှိကြောင်း သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ ဒါရိုက်တာများ၊ အကျိုးတူဖက်စပ်လုပ်ငန်း ဆောင်ရွက်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက ရှင်းလင်းစွာသိရှိထားပြီးဖြစ်ရမည်။

(ဇ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် သဘောတူစာချုပ် (Agreement Contract) ပါ သင်္ဘောသားများ၏ အခွင့်အရေးများကို သင်္ဘောပိုင်ရှင်က အမှန်တကယ်ဆောင်ရွက်ပေးနိုင်သည့် အာမခံ သို့မဟုတ် P & I အကာအကွယ်ထားရှိနိုင်မှသာ အဆိုပါသင်္ဘောပိုင်ရှင်နှင့် လုပ်ငန်းဆောင်ရွက်သွားရမည်။

(ဈ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် တာဝန်ထမ်းဆောင်စေမည့် သင်္ဘောသားကို တာဝန်ထမ်းဆောင်စဉ်ကာလတစ်လျှောက်လုံး အာမခံအကာအကွယ်ရှိသော သင်္ဘောသို့သာ စေလွှတ်တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ရမည်။

(ည) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သင်္ဘောသားများအား စုဆောင်း၍ မိမိနှင့်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သင်္ဘောပိုင်ရှင်များ၏ သင်္ဘောများသို့ စေလွှတ်တာဝန်ထမ်းဆောင်စေခြင်းကိစ္စများ ဆောင်ရွက်ရာတွင် ဦးစီးဌာနက ဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုအပေါ် သက်ဆိုင်ရာသင်္ဘောသားတာဝန် ထမ်းဆောင်သည့်ကာလအတွက် တစ်လလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဦးစီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ ပေးသွင်းရမည်။

(ဋ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနက တရားဝင်ထုတ်ပေးထားသည့် လိုင်စင်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းပေးခြင်း၊ အသုံးပြုစေခြင်း မပြုရ။

(ဌ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနက ထုတ်ပေးထားသည့် လိုင်စင်ကို မိမိလုပ်ငန်းဆောင်ရွက်သည့် ရုံးခန်း (လိုင်စင်လျှောက်ထားစဉ်က ဖော်ပြထားသည့် ရုံးခန်း) အတွင်း အများပြည်သူ လွယ်ကူစွာမြင်နိုင်သည့်နေရာတွင် ချိတ်ဆွဲထားရမည်။ ရုံးခွဲများရှိပါက လိုင်စင်မိတ္တူကို ရုံးခွဲများအတွင်း အများပြည်သူ လွယ်ကူစွာမြင်နိုင်သည့်နေရာတွင် ချိတ်ဆွဲထားရမည်။

(ဍ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) နှင့် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) တို့မှ ထုတ်ပြန်ထားသည့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာသတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရမည်။

(ဎ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာရမည်။ အထူးသဖြင့် အဆိုပါအက်ဥပဒေပုဒ်မ ၂၆ (က) ပါ ပြဋ္ဌာန်းချက်အရ သင်္ဘောသားများ အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ ဝန်ဆောင်ခငွေကြေးတစ်စုံတစ်ရာ တောင်းခံခြင်းမပြုရဟူသော အချက်ကို တိကျစွာလိုက်နာရမည်။

(ဏ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို လိုက်နာ၍ လုပ်ငန်းဆောင်ရွက်ရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာကုမ္ပဏီများအက်ဥပဒေအရ

**ဂလိုရီ အိတ်(စ်)ပို့အင်(န်)အင်ပို့ လီမိတက်**

**Glory Export & Import Limited**

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည် -

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု(ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၃-၉-၂၀၁၃) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်ထွေးထွေးဝင်း
မန်နေးဂျင်းဒါရိုက်တာ
ဂလိုရီ အိတ်(စ်)ပို့အင်(န်)အင်ပို့ လီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ် ၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၂၃၃၂၇၊ ၂၃၀၄၃၄၉

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြေညာစာ

**ရွှေဝါလှိုင်းသစ် ကျောက်မျက်နှင့်ရတနာကုမ္ပဏီလီမိတက်**

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေဝါလှိုင်းသစ် ကျောက်မျက်နှင့်ရတနာကုမ္ပဏီလီမိတက် (SHWE WAH HLAING THIT GEMS & JEWELLERY COMPANY LIMITED.)** အား (၂၁-၈-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွန်းဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Mg Mg Soe
Managing Director
Shwe Wah Hlaing Thit Gems & Jewellery Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွန်းဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

**ရွှေရောင် ၃၁ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**ကို

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း

နောက်ဆုံးအစည်းအဝေး (Final Meeting for Dissolution) တက်ရောက်ရန် ဖိတ်ကြားခြင်း

**ရွှေရောင် ၃၁ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (Golden 31 Trading Co., Ltd)** ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၇၂၇/၂၀၀၇-၂၀၀၈) ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက် ၁၄:၀၀ နာရီအချိန်တွင် အမှတ်-၇၉၇၊ အခန်း-၆၀၄၊ မြန်မာအလှတာဝါ၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်၍ အစုရှယ်ယာဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပြီး ကုမ္ပဏီကို အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးခင်ဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L,
P.G.D.I.T (New Delhi), D. Jap; M.P.A, M.A (B.L)
ရွှေရောင် ၃၁ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (ဖျက်သိမ်းဆဲ)

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၀၀၀/၂၃-၈-၂၀၁၃။